## ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲများမှ စဉ်ဆက်မပြတ်စောင့်ကြည့် ကြီးကြပ်ခြင်း မူဘောင်နှင့် စာရင်းပုံစံ ပြုစုထားရှိမှု အခြေအနေ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်

ရုံးအမှတ် (၄)၊ နေပြည်တော်။ ၂၀၂၀ ခုနှစ်၊ ဇွန်လ (၁၀)ရက်

- ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဟာ ကြီးမားကျယ်ပြန့်ပြီး မြန်မာနိုင်ငံပြည်သူများအတွက် အရေးကြီးတဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဖြစ်ပါတယ်၊
- အဲဒီဌာနခွဲများက တာဝန်ရှိသူများအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်း အောင်မြင်မှုအခြေအနေများနဲ့ ကျန်းမာရေးအညွှန်းကိန်းများကို စဉ်ဆက်မပြတ် စောင့် ကြည့်ကြီးကြပ်ရန်မူဘောင်(monitoring framework) နှင့် စစ်ဆေးရန်ပုံစံ(checklist) များကို အခုလို ပြုစုထားနိုင်တာ အလွန်အကျိုးရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်၊
- ကမ္ဘာ့နိုင်ငံများနဲ့ အိမ်နီးချင်းနိုင်ငံများရှိ သက်ဆိုင်ရာ ကဏ္ဍတွင် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ အခြေအနေများကို စောင့်ကြည့်လေ့လာပြီး ကိုယ့်နိုင်ငံနှင့်ကိုက်ညီစွာ အသုံးချဆောင် ရွက်ရမှာဖြစ်ပါတယ်၊
- ကမ္ဘာ့ကျန်းမာရေးညီလာခံများမှ သက်ဆိုင်ရာကဏ္ဍအလိုက် သဘောတူညီဆုံးဖြတ်ချက် (WHA resolution) များကိုလေ့လာ၍ မိမိတို့နိုင်ငံရဲ့ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီတဲ့ အချက်များနဲ့ လုပ်ငန်းများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊
- လုပ်ငန်းများဆောင်ရွက်ရာမှာ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များရဲ့ အခန်းကဏ္ဍ ဟာ အရေးကြီးပါတယ်၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအတွက် ဖြန့်ဝေထားတဲ့ Mobile Tablet များမှာ ထည့်သွင်းထားရှိတဲ့ ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးနဲ့ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို လိုအပ်သလိုမွမ်းမံ ပြင်ဆင်စေလိုပါတယ်၊ ဒ့ါအပြင် ပြည်သူများထံ လက်ဆင့်ကမ်း ပြောကြားနိုင်ဖို့အတွက် နားလည်ရလွယ်ကူတဲ့ ကျန်းမာရေးအသိပညာ အချက်အလက် များကို ထည့်သွင်းထားရမှာ ဖြစ်ပါတယ်၊

- စဉ်ဆက်မပြတ်စောင့်ကြပ်ကြီးကြပ်ခြင်း စာရင်းပုံစံမှ ရရှိလာတဲ့ သတင်းအချက်အလက်များကိုလည်း စနစ်တကျ ဆန်းစစ်သုံးသပ်မှုများပြုလုပ်ပြီး ပြန်လည်တုံ့ပြန်ပေးပို့ခြင်း (feedback) ကိုလည်း ဆောင်ရွက်ကြစေလိုပါတယ်၊
- ရေးဆွဲပြုစုထားတဲ့ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ဆန်းစစ်သုံးသပ်မှုများ ပုံမှန်ပြုလုပ်ပြီး လိုအပ်ပါက မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အစည်းအဝေးတက်ရောက်သူများစာရင်း –**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး
- အမြဲတမ်းအတွင်းဝန်၊
- ညွှန်ကြားရေးမှူးချုပ်များ၊
- ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
- ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲများမှ တာဝန်ရှိသူများ

**(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။)**